**OFFICE OF THE SUPREME HEADQUARTERS**
**KAREN NATIONAL UNION**
**KAWTHOOLEI**
www.knuhq.org

## (UNFC)အဖွဲ့အစည်းအတွင်းပါဝင်မှု ယာယီရပ်ဆိုင်းခြင်း

၂၀၁၄ ခုနှစ်စက်တင်ဘာလ ၁ ရက်

၂၀၁၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင်၊ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး သည်ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖယ်ဒရယ်ကောင်စီ UNFC အဖွဲ့အစည်းအတွင်း ပါဝင်မှုအား ယာယီရပ်ဆိုင်းခဲ့ပါသည်။ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး၏ဗဟိုအမြဲတမ်းကော်မတီတွင် အဖွဲ့အစည်းမှ နှုတ်ထွက်ရေး သို့မဟုတ် ဆက်လက်ပါဝင်ရေးအတွက် အဆုံးအဖြတ်ပြုလုပ်သွားမည်ဖြစ်ပါသည်။ ဤဆုံးဖြတ်ချက်ချပြီးသည်အထိ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် UNFC ၏ အစည်းအဝေးများ၊ လှုပ်ရှားမှုများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း စသည့်လုပ်ငန်းများတွင်ပါဝင်ခြင်းပြုမည်မဟုတ်ပါ။

ဤဆုံးဖြတ်ချက်သည်ပါ UNFC ညီလာခံအတွင်း အဖွဲ့ဝင်အဖွဲ့အစည်းများအကြား တစ်ပတ်တာဆွေးနွေးညှိနှိုင်းချိန်တွင်ရလဒ်အဖြစ်ထွက်ပေါ်လာခြင်းဖြစ်သည်။ 'ကေအဲန်ယူအနေဖြင့် UNFC က အဖွဲ့ဝင်အဖွဲ့အစည်းတွေ အပေါ်မှာ ဆုံးဖြတ်ချက်ချပေးတဲ့အာဏာချုပ်ကိုင်ထားမှုကို ကန့်ကွက်ပါသည်' ဟု ပဒိုစောတာဒိုမူးက ရှင်းပြခဲ့ပါသည်။ 'ကျွန်တော်တို့ ယုံကြည်တာကတော့ UNFC သည်အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံးဆိုင်ရာ ဘုံအကျိုးစီးပွားနဲ့ ပြဿနာများကို ဖော်ထုတ်ဖြေရှင်းရန်လာရောက်တွေ့ဆုံမှုပေါင်းဆောင်ရွက်သည့် ဆုံရပ်ဖိုရမ်ဖြစ်သင့်ပြီး၊ အဖွဲ့ဝင်အဖွဲ့အစည်းများအားလုံး လိုက်နာအကောင်အထည်ဖော်လုပ်ဆောင်ရမည့် ဆုံးဖြတ်ချက်တွေ၊ ညွှန်ကြားချက်တွေချမှတ်ပေးတဲ့အချုပ်အခြာအာဏာပိုင်အဖွဲ့အစည်းမျိုး မဖြစ်သင့်ပါကြောင်း' ဟုပဒိုစောတာဒိုမူးကပြောကြားခဲ့ပါသည်။

'ကရင်လူမျိုး၏ အခြေခံထားတဲ့မူကတော့ ကရင့်နိုင်ငံရေးကံကြမ္မာကို ကရင်လူမျိုးက ဖန်တီးခြင်းဖြစ်ပါသည်' ဟု ကေအဲန်ယူအတွင်းရေးမှူးချုပ် ပဒိုကွယ်ထူးဝင်းကအတည်ပြုပြောဆိုခဲ့ပါသည်။ ကျွန်တော်တို့လုပ်ပိုင်ခွင့် အာဏာကိုဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမှပေးမှာမဟုတ်ပါဘူး' ဟုပြောကြားခဲ့ပါ သည်။

ကေအဲန်ယူကရင်အမျိုးသားအစည်းအရုံးမှကိုယ်စားလှယ်များသည်လာမည့်ရက်သတ္တပတ်များအတွင်း ကေအဲန် ယူ ဗဟိုအမြဲတမ်းကော်မတီများနှင့်အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ကေအဲန်ယူဗဟိုအမြဲတမ်းကော်မတီကကေအဲန်ယူသည် UNFC ၏ တွင်အဖွဲ့ဝင်အဖွဲ့အစည်းအဖြစ်ဆက်လက်ပါဝင်ရေး သို့မဟုတ်မပါဝင်ရေးအတွက်အဆုံးအဖြတ်ပြုလုပ်မည်ဖြစ်ပါသည်။

ကေအဲန်ယူ၏ UNFC တွင်ရပ်တည်မှုဆိုင်ရာမည်၍ မည်ပုံဖြစ်စေကာမူကေအဲန်ယူအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၆ ဖွဲ့နှင့်စုပေါင်းဖွဲ့စည်းထားသောတစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (Nationwide Ceasefire Coordinating Team) အပါအဝင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးဖြင့် ပူးပေါင်း၍ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီ ( Union Peace Making Work Committee) နှင့်ဆွေးနွေးညှိနှိုင်းမှုကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။ 'ကေအဲန်ယူအနေဖြင့်တိုင်းရင်းသားပူးပေါင်း ဆောင်ရွက်ရက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို

ဆက်လက်အထောက်အပံ့ပြုလုပ်ဆောင်သွားမည်ဖြစ်ပါသည်။" ကေအဲန်ယူအနေဖြင့်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံး၊ နိုင်ငံရေးပါတီများ၊ ဒီမိုကရေစီပြောင်းလဲမှု လိုလားသောအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး သက်ဆိုင်သူများ (Stakeholders) အားလုံးနှင့်တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး၊ တရားမျှတမှုနဲ့မြန်မာနိုင်ငံတွင်း ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကိုရရှိရေးကို ကြိုးပမ်းသွားမည်ဖြစ်ပါသည်" ဟု၍ကေအဲန်ယူဥက္ကဋ္ဌစောမူတူးစေးဖိုးက အတည်ပြုပြောကြားခဲ့ပါသည်။ "ဒီလို UNFC အတွင်း ကျွန်တော်တို့ပါဝင်ခြင်းကိုရပ်ဆိုင်းထားရတဲ့ အဓိက အကြောင်းရင်းကတော့ဆုံးဖြတ်ချက်ချမှတ်မှုပိုင်းဆိုင်ရာအခြေခံအပေါ်မှာသဘောမတူညီကြခြင်းကြောင့်ဖြစ်ပါသည်။"

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
KNU - ကရင်အမျိုးသားအစည်းအရုံး


**ဆက်သွယ်ရန် -**

ပဒိုစောကွယ်ထူးဝင်း (+၆၆) ၀၀-၀၀၇၆၂၇၉

ပဒိုစောတော်နီ (+၆၆) ၈၅-၂၇၇၉၆၆